# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃-၆-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **မတ်လ(၂၇)ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ထားခြင်းအား တော်လှန်ရေးနေ့ဟု ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **တောင်ယမားချောင်းရေတိုက်စားမှုကြောင့် ညောင်ပင်ကိုင်းကျေးရွာအနီး ကမ်းပါးပြိုကျနေခြင်းကို ကာကွယ်ပေးရန် အစီအစဉ်ရှိမရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **နိုင်ငံပိုင်အင်းများအား လေလံအပြိုင်ဆွဲယူခြင်းမပြုဘဲ ကုမ္ပဏီအမည်ဖြင့် တိုက်ရိုက်လုပ်ပိုင်ခွင့်ပြုခြင်း၊ အမြတ်ယူ အင်းချထားခြင်းသည် လေလံစည်းကမ်းနှင့် ညီညွတ်မှုရှိ၊ မရှိနှင့် အင်းလုပ်ကိုင်သူများကြောင့် စပါးစိုက်ခင်းများ ဆုံးရှုံးနစ်နာမှုအား မည်သို့စီမံပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်ဋ္ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့ဝင် Toll Gate အား မြို့၏ ဝင်ထွက်နယ်နိမိတ်ရှိရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းညွန့်၊ သဃ်းကျွန်း မဲဆန္ဒနယ်၏ **ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာ့အကျဉ်းထောင်များ အက်ဥပဒေကို ပြင်ဆင်ရေးဆွဲ၍ တင်ပြရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ **အိမ်ခြံမြေ တိုင်းတာခြင်း၊ ပုံစံ(၁၀၅)(၁၀၆) များထုတ်ခြင်း၊ အိမ်ဂရန်ဆောင်ရွက်ခြင်းနှင့် အခွန်ငွေပေးဆောင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်၊ ကြာမြင့်ချိန်နှင့် လိုအပ်သော အချက်အလက်များကို ပြည်သူများ သိရှိနိုင်ရေး** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **အဖက်ဖက်မှ နိမ့်ကျ ဆင်းရဲနေသော ကျေးရွာများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စများကို နိုင်ငံတော်မှ မည်ကဲ့သို့ ကူညီနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ပြည်သူများ အမှန်တကယ် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗထူးတပ်မြို့ ရှောင်ကွင်းလမ်းကို ကတ္တရာလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော **“ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။